စာမူကို ဦးစွာဖတ်ခဲ့ကြသော ကျွန်မ၏ Support Group က အစပိုင်းတွင် ဘာသာပြန် ဝတ္ထုတစ်အုပ်ဟု ထင်ခဲ့မိကြောင်းဆိုပါသည်။ ဤဝတ္ထုသည် ဘာသာပြန်ဝတ္ထု / အမှီး ဝတ္ထုမဟုတ်ဘဲ... ၂၀၁၆ ခုနှစ်က အမေရိကန်ပြန်ထောင်စုသို့ ရောက်ရှိစဉ် Plano, Texas မှ Spiritual Worker / Energy Healer အမျိုးသမီးတစ်ဦးနှင့် ၃ နာရီကျော် Angelic Healing (Energetic Healing Aided by Spiritual Beings of the Highest Light) လုပ်ခဲ့ရသော အတွေ့အကြုံများကို အခြေခံ၍ ဖန်တီးရေးသား ထားသော ပင်ကိုရေးဝတ္ထု ဖြစ်ပါသည်။ ထိုအတွေ့အကြုံများကို 'ကျွန်မနှင့် နိုင်ငံရပ်ခြား အထက်ဘုံသားများ' ခေါင်းစဉ်နှင့် 'ကျွန်မသိသော အမေရိကား' စာအုပ်တွင် အပိုင်း တစ်ခုအနေဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ခေတ်မီတိုးတက်လှပါသည်ဟူသော နိုင်ငံကြီး များမှ တချို့သော အနောက် နိုင်ငံသားများ၏ ယုံကြည်မှုများကို ဗုဒ္ဓဘာသာရှုထောင့်မှ ချဉ်းကပ်နိုင်းယှဉ်ပြသရင်း... ကိုယ်ကိုယ်တိုင် သိမြင်လာရမှုများကို ဝေမျှလိုခြင်းလည်း ဖြစ်ပါသည်။

ကျွန်မ သိမြင်ခဲ့ရသည်များကို ယုံကြည်ဖို့ရန် တိုက်တွန်းခြင်း မဟုတ်သလို... မယုံ ကြည်ပါကလည်း ကျွန်မအတွက် ပြဿနာ မရှိပါ။ ကျွန်မကတော့ ယုံကြည်ပါသည်။ ယုံသည်... မယုံသည်က အဓိကမကျဘဲ... စာဖတ်သူများကို နှစ်ခြိုက်သော ရသ၊ သုတ ခံစားရစေရန်သာ ရည်ရွယ်ပါသည်။

Yoga ပညာရပ်နှင့် ဆက်စပ်သော လေ့ကျင့်ခန်းများ၊ ဝိပဿနာကျင့်စဉ်များ၊



Archangels (နိုင်ငံရပ်ခြား အထက်ဘုံသား) များနှင့် သက်ဆိုင်သော အယူအဆများ၊ ဆေးပညာရပ်ဆိုင်ရာ အခြေအနေများ၊ နိုင်ငံများ၊ နေရာဒေသများမှ အတွေ့အကြုံ၊ ဗဟုသုတများ၊ အခြားသော ပညာရပ်ဆိုင်ရာ အခေါ်အဝေါ်များ စသည်တို့နှင့် ပတ်သက်၍ ကျွန်မသိသမျှ အကုန်ထည့်သွင်းရေးထားခဲ့ပါသည်။ တတ်ကျွမ်းနားလည်သော ပညာရှင် များအနေဖြင့် အားနည်းချက်များကို တွေ့ခဲ့သည်ရှိပါသော် နားလည်ဖြည့်တွေးကာ ဖတ်ရှု ပေးကြပါရန် မေတ္တာရပ်ခံပါသည်။

ကျွန်မအနေနှင့် အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ရည်ညွှန်း...စာအုပ်၊ စာပေ၊ စာတမ်း များကို လေ့လာဖတ်ရှုရင်း...ကိုးကားမှုတွေလည်း များစွာ ပြုလုပ်ခဲ့ရပါသည်။ အကောင်းဆုံး ကြိုးစားခဲ့သည့် မှန်သော်လည်း ဟာကွက်များ ရှိနေခဲ့ပါသေးလျှင် ကျွန်မ၏ လိုအပ်မှု ကြောင့်သာ ဖြစ်ပါသည်။

ရေးသားထားသော အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းချက်များ၊ ကိုးကားချက်များ၊ မှတ်စုများကို Foot Note အဖြစ် ထည့်သွင်းဖော်ပြထားပါသည်။ ဖော်ပြထားသော Foot Note များကိုလည်း ဖတ်ရှုစေချင်ပါသည်။

ကျွန်မ သိလိုသည်များကို အချိန်ပေး ဆွေးနွေးဖြေကြားပေးခဲ့သော ဆရာမ ဒေါ်ပြည့်ပြည့်လင်း (Astro Consultant)၊ ဆရာမ နေခြည် (တားရော)၊ သူငယ်ချင်း ရွှေစင်ဝင်း၊ ညင်သာမြင့်၊ မလတ်လတ်မြင့် ဆိုင်နှင့် ထူးခြားသော ငယ်ဘဝ အတွေ့အကြုံ များကို ဝေမျှပေးခဲ့သော မိတ်ဆွေတစ်ဦးကိုလည်း ကျေးဇူးတင်ပါသည်။ အထူးသဖြင့် ကျွန်မ စိတ်တိုင်းကျသည်အထိ စာအုပ်ကို အကြိမ်ကြိမ် စိတ်ရှည်စွာ ပြင်ဆင်ပေးခဲ့သော စာအုပ် ဒီဇိုင်နာ ကိုအောင် (အောင်ဇော်ဌေး)၊ ဘာသာပြန်ချက်များ၊ စာအမှားများကို ဖြည့်စွက်ပြင်ဆင်ပေး ခဲ့သော ကိုပြည့်နှင့် QR Code များ ထည့်သွင်းပေးသော ဆရာထက် တို့ကို ကျေးဇူးတင်ပါသည်။ စာမူကို ဖတ်ပြီး ဝေဖန်အကြံပေးခဲ့ကြသော ကျွန်မ၏ Support Group နှင့် တကွ... ဒီစာအုပ်ကို ဆက်၍ရေးနိုင်အောင် အားပေးခဲ့ကြသော စာဖတ်သူ တစ်ဦးချင်း၊ တစ်ယောက်ချင်းအား... အစဉ်လေးနက်စွာ ကျေးဇူးတင်လျက်။

Mon Halsey

2020, Dec 31